# မိုးကျော်သူ

## အဝေးရောက်သိုင်းသမား

နန်းကုန်းဦး၏ယွင်းကျန်စုလိ

လုံးချင်း
စ-ဆုံး



# သေရွာပြန်လူသားနှင့် နန်းစဉ်ပတ္တမြား

မြူနှိုးတွေ...

ပိန်းပိတ်အောင် မှောင်နေသော မြူနှိုးတွေက တောင်များပေါ်တွင် ပုံးလွှမ်း၍နေဘိ၏။

အနီးစပ်ဆုံးဥပမာနှင့်ပြောရပါလျှင်...

တောင်တန်းကြီးများ၏ ထိပ်ဆုံးနေရာများကို ဂွမ်းစများနှင့် ဖုံးအုပ်ထားသကဲ့သို့ ရှိနေပေသည်။

အရုပ်လေးမျက်နှာ...

ဘယ်နေရာကို လှမ်းကြည့်လှမ်းကြည့် တောင်တန်းကြီးများကသာ ကာဆီးလျက်ရှိနေ၏။

ထို့ကြောင့် ဤနေရာသည်...

တောင်တန်းကြီးများသာလျှင်ကြီးစိုးသော နယ်မြေကြီးတစ်ခုဖြစ်တော့၏။

+++

ဤနယ်မြေ၊ ဤဒေသသို့...

အသိဉာဏ်ရှိသော လူသားတို့သည် တစ်ဦးတလေမှ ယောင်၍ပင် ရောက်လာလိမ့်မည် မဟုတ်ပါ။

ယုတ်စွအဆုံး...

သားကောင်ကို ရှာကြံကြသည့် မုဆိုးများပင် ဖြစ်လင့်ကစား ဤ ကြီးမားကျယ်ဝန်းပြီး နက်ရှိုင်းလှသော တောကြီးထဲသို့ လာ

ရောက်ရှာမွေကြမည် မဟုတ်ပါ။

ဤသို့နက်ရှိုင်းသော...

ခေါင်လွန်းသော တောကြီးမျက်မည်းထဲသို့ ဦးနှောက်ရှိသော မုဆိုးတို့သည် လာရောက်ရန် စဉ်းစားကြမည် မဟုတ်ပါ။

ဦးနှောက်ရှိသော မုဆိုးများ မလာပါဟု ဆိုလေရာ လူသားပင် ဖြစ်ပေမယ့် ဦးနှောက်ချို့ယွင်းသော အရူးများကလော လာရောက်မည် ထင်ပါသလော။

မထင်ပါနှင့်...

ဦးနှောက်ပင် ပျက်လင့်ကစား အရူးတစ်ယောက်သည် သူ၏ ကြုံတွေ့လာရမည့် အန္တရာယ်ကိုကော မြင်ပါသေးသည်။

ထို့ကြောင့်...

အရူးတစ်ယောက်ပင် ဤနေရာသို့ လာရောက်မည်မဟုတ်ဟု အနိုင်အမာ ဆိုခြင်းပင် ဖြစ်ပါသည်။

သို့သော်...

ယင်းကဲ့သို့ အထက်က ဆိုခြင်းများကို ယခုအချိန်ကစ၍ ဖျက်သိမ်းလိုက်တော့မည် ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော်...

လူသားနှစ်ယောက်သည်...

နက်ရှိုင်းလှသော တောကြီးအတွင်းဝယ် တရွေ့ရွေ့လှုပ်ရှား သွားနေသည်ကို တွေ့ရှိလိုက်ရသောကြောင့်ပင် ဖြစ်ပါသည်။

လူနှစ်ယောက်။

အသက်နှစ်ဆယ်ကျော် သုံးဆယ်နီးပါးသာ ရှိဦးမည်ဟု ခန့်မှန်းရသည့် လူငယ်နှစ်ဦးပင် ဖြစ်သည်။

* * *

အမှန်ပင်...

အသက်ငယ်ရွယ်ပြီး ဦးနှောက်မပျက်စီးသေးသော လူငယ်နှစ်ဦးပင် ဖြစ်ပေသည်။

သူတို့နှစ်ယောက်သည် ဘာကြောင့်များ ဤမှုလောက် အန္တရာယ်များလှသည့် တောတောင် လျှိုမြောင်ထဲသို့ တိုး၍တိုး၍ ဝင်လာကြပါသနည်း။

အကြောင်းမရှိဘဲနှင့်တော့ မည်သည့်နည်းနှင့်မျှ ကိုယ့်အသေ လမ်း ကိုယ်ရှာကြမည် မဟုတ်ပါချေ။

မှန်ပေသည်။

သူတို့မှာ အကြောင်းတစ်ခုခုတော့ ရှိနေပါသည်။

မည်သို့သော အကြောင်းနည်းဟု ဆိုရသော်...

* * *

# နှစ်သစ်ကူးပွဲအခါသမယ ပျော်ကြသည့်အချိန်

"ဖောင်း"

"ဒိုင်း...ဒိုင်း"

"ရှီး...ဖောက်"

ပျောက်အိုး ဖောက်သံများ။

မီးရှူး၊ မီးပန်း ပစ်လွှတ်သံများ။

ပျော်ရွှင်စွာ အော်ဟစ်ပြေးလွှားနေကြသည့် ကလေးသူငယ်တို့၏ အသံများသည် နေပြည်တော်ကြီးတစ်ခုလုံး အုံးအုံး ကျွက်ကျွက်ဖြစ်နေစေတော့၏။

နှစ်ကူးနေ့မို့...

အထူးပျော်ရွှင်နေကြသည်ဟု ဆိုရပေမည်။

ကလေး၊ လူကြီး၊ ယောကျ်ား၊ မိန်းမ၊ ပိုုပိုုအိုအိုတို့သည် သစ်လွင်တောက်ပသော အဝတ်အစားများဖြင့် ဥဒဟိုသွားလာ လှုပ်ရှားပျော်ပါးနေကြသည်။

လူယန်းမြို့ကြီးသည်...

ကြီးကျယ်ခမ်းနားသော နေပြည်တော်ကြီးတစ်ခု ဖြစ်ရကား အထူးပင် စည်ကားနေခြင်းမှာ အဆန်းတကျယ် မဟုတ်တော့ပါပေ။

အချို့က သက်ကြီး ရွယ်အိုများကို အဝတ်အစား၊ မုန့်ပဲသရေစာများဖြင့် ကန်တော့ကြသည်။

အချို့က မိတ်ဆွေသူငယ်ချင်း အချင်းချင်း တစ်ယောက်၏ အစားအစာများကို တစ်ယောက်အား တစ်လှည့်စီ ကျွေးမွေးကြသည်။

လွန်ခဲ့မှ ကြည့်နူးဖွယ်ရာကောင်းသည့် နှစ်သစ်ကူးအခါ သမယပင် ဖြစ်တော့သည်။

* * *

စားစရာများ ရောင်းချသည့် ဆိုင်တစ်ဆိုင်တွင် လူငယ်တစ်ဦးက အကျအနထိုင်နေသည်။ သို့သော် သူသည် အများသူငါကဲ့သို့ သစ်လွင်သော၊ တောက်ပသော ပိုးဖဲတို့ကို မဝတ်စားထားပါ။

မဝတ်စားချင်၍ ဟုတ်မည်မထင်ပါ။

မရှိ၍သာ ဖြစ်ပါလိမ့်မည်။

ယခု သူထိုင်စားသောက်နေသည့် မုန့်ဆိုင်မှာလည်း ဈေးအပေါဆုံး မုန့်များကိုသာ ရောင်းချသည့် ဆိုင်တစ်ဆိုင်ဖြစ်ပေ သည်။

သူသည် ကောင်းမွန်၍ အနံ့အရသာနှင့်ပြည့်စုံသော မုန့်များကိုသာ စားချင်ပေမည်။

ငွေကြေးမချမ်းသာ၍သာ ထိုမုန့်များကို စားနေရဟန်တူပေသည်။

လူငယ်မှာ အသားနီစပ်စပ်ရှိပြီး အရပ်က သာမန်လူထက် အနည်းငယ် မြင့်မားလှသည်ဟု ဆိုရပေမည်။

လောလောဆယ် သူ့တွင် ထူးခြားမှုဟု ဆိုရပါလျှင်...

သူစားသောက်နေသော မုန့်ပန်းကန်အပြင် အခြားမုန့် တစ်ပန်းကန်သည် သူ့ရှေ့၌ အဆင်သင့်ရှိနေပေသည်။

ထိုပန်းကန်သည် အခြားလူတစ်ယောက် စားရန်အတွက် ဖြစ်သည်မှာ သေချာလှပေသည်။

အဘယ့်ကြောင့်ဆိုသော်...

သူသည် မုန့်စားနေရင်းမှ ဆိုင်ရှေ့လမ်းမဆီသို့ လည်တဆန့်ဆန့်နှင့် ဖြစ်နေပေသည်။

တစ်စုံတစ်ယောက်ကို မျှော်နေသည်မှာ အမှန်ပင်ဖြစ်၏။

သူသည် ဆင်းရဲသူတစ်ဦးဟု ခန့်မှန်းရသော်လည်း ထိုမုန့်ပန်းကန်ကိုတော့ အခြားသူများအား ကျွေးမွေးလိုသည်မှာ ထင်ရှားလှပေသည်။

ယင်းအခိုက်မှာပင်...

လူငယ်တစ်ဦးသည် ထိုဆိုင်ထဲသို့ လှမ်းဝင်လာတော့သည်။

နောက်ထပ် ဝင်လာသော လူငယ်မှာ...

စောစောက ထိုင်နေသည့်လူငယ်နှင့် ဘာမှခြားနားခြင်းမရှိလှပါ။

သူသည်လည်း သစ်လွင်တောက်ပသော အဝတ်အစားများကို မဝတ်ထားနိုင်ပါ။

စောစောက ထိုင်နေသောသူနှင့် ခြားနားသည့် အချက်ကတော့ ရှိနေပါသည်။

မည်သည့်အချက်များနည်းဟု ဆိုရပါလျှင်...

ကိုယ်လုံးကိုယ်ထည်မှာ သန့်မာကျစ်လစ်ပြီး တောင့်တင်းခိုင်မာပုံ ရှိလှ၏။

အရပ်က စောစောကလူလောက် မြင့်ပုံမရပါ။

အခြားထူးခြားသောအချက်မှာ ပေါ်လွင်စွာ ကျဆင်းလာသည့် နှာတန်နှင့် နက်မှောင်ကော့ညွှတ်နေသည့် မျက်ခုံးအစုံ၏ အောက်ဝယ် တောက်ပစူးရှသည့် မျက်ဝန်းနှစ်ခုသည် လွန်စွာမှပင် ကြည့်၍ ကောင်းလှသည်ဟု ဆိုရပေမည်။

အထူးသဖြင့်...

ပါးလျားသော သူ၏နှုတ်ခမ်းအစုံသည် တိကျပြတ်သားမှုကို ပေါ်လွင်စေပြီး ထာဝရ ပြုံးယောင်ယောင်ဖြစ်နေသော သူ၏ မျက်နှာလေးသည် ကျက်သရေကိုဆောင်စေပြီး လူချစ်လူခင်ပေါ လှမည်မှာ ကေန်မလွဲ ဖြစ်တော့မည်။

စောစောက ထိုင်နေသောသူမှာ ထိုလူငယ်က ဝင်ရောက်လာပြီး

သူ၏အနီးတွင် ထိုင်ချလိုက်သည်နှင့် မကျေမနပ်ပြောလိုက်လေတော့၏။

"မင်းသိပ်ကြာတာပဲကွာ၊ ငါ ဒီမှာ မင်းအတွက် မုန့်ပန်းကန်မှာပြီးစောင့်နေတာ ဘယ်လောက်ကြာပြီ အောက်မေ့လဲ"

နောက်မှရောက်လာသောလှငယ်သည် သူ၏ ဖြူးယောင်ယောင်မျက်နှာထားကို ပိုမို၍ပီပြင်အောင် ဖြူးလိုက်လေသည်။

"မင်းစောင့်နေမယ်ဆိုတာတော့ ငါသိပါတယ်ကွာ"

လှငယ်သည် ထိုသို့ပြောပြီး သူ့အတွက် မှာထားသည် ဆိုသောမုန့်ပန်းကန်ကို ကြည့်လိုက်လေသည်။

ထို့နောက် သူက ဆက်လက်၍...

"ဒါနဲ့ မင်းက ငါ့အတွက် ဘာကြောင့် ဒီမုန့်ကိုမှာထားရတာလဲကွာ"

စောစောက ထိုင်နေသော လှငယ်မှာ မျက်နှာတစ်ချက် ကွက်ခနဲ ပျက်သွားလေသည်။

"မင်း အဲဒီလို မပြောပါနဲ့၊ ဒီနှစ်ကူးတဲ့နေ့မှာ မင်းကို ငါ စားစေချင်လို့ အိမ်က ငါ့မိဘတွေဆီမှာ ငါးရက်လောက်တည်းက ကြိုပြီးပြောထားရတယ်၊ ပိုက်ဆံရှာပေးဖို့ပေါ့ကွာ"

လှငယ်မှာ စိတ်မကောင်းဖြစ်သွားလေသည်။

"မင်းစေတနာကို ငါယုံကြည်ပါတယ်ကွာ၊ ဒါပေမယ့်..."

လှငယ်မှာ စကားဆက်မပြောဘဲ ရပ်ထားသဖြင့်...

"ဒါပေမယ့် ဘာလဲ ပြောစမ်းပါဦး"

"မင်းက ဒီနေ့မှာ ငါ့ကို ဒီမုန့်ကျွေးနိုင်ပေမယ့် ငါ့အနေနဲ့ မင်းကို..."

စောစောက ထိုင်နေသည့် လှငယ်က ပါးစပ်ကို လှမ်းပိတ်လိုက်လေသည်။

"တော်...မင်း ငါ့ကိုချစ်ရင် ဒီစကားမျိုး မပြောပါနဲ့"

လွန်စွာမှ ချစ်ကြသည့် သူငယ်ချင်းနှစ်ယောက်ပင်။
စောစောက ထိုင်နေသည့် လူငယ်၏အမည်မှာ...
'ဖုန်းလု' ဖြစ်လေသည်။
နောက်မှ ဝင်လာသည့် လူငယ်မှာ...
'ကျိုထန်စိမ်း' ဖြစ်သည်။
ကျိုထန်စိမ်းနှင့် ဖုန်းလု...
မည်သို့မှ ခွဲခြား၍မရပေ။
သက်တူ ရွယ်တူ သဘောတူ၊ နောက်ဆုံး ကုန်ကုန်ဆိုရပါလျှင် ဆင်းရဲချမ်းသာချင်းလည်း တူကြပေသည်။
ဖုန်းလုက မုန့်တစ်ခုကိုစားရလျှင် တခြမ်းကို ကျိုထန်စိမ်းအား မရရအောင် ရှာဖွေ၍ ကျွေးသည်။
ကျိုထန်စိမ်းကလည်း ဖုန်းလုထက်ပင် ဆိုးသေး၏။
သူစားရသည့်အခါတွင် ဖုန်းလုအား မတွေ့ရပါက ထိုမုန့်ကို သုံးလေးရက်အထိ အိတ်ထဲ၌ သိမ်းထားသည်။
ချစ်လည်းချစ်ကြသည့် သူငယ်ချင်းနှစ်ယောက်။
အိပ်ရာထဲတွင် အတူတူတွေ့ရမည်။
လမ်းလျှောက်လျှင် အတူတူဖြစ်ရမည်။
တစ်ခါတစ်ရံ မလွှဲသာမရှောင်သာ မိဘများက ခိုင်းလိုက်သည့်အခါမှသာ ခွဲခွာ၍ သွားရတတ်သည်။
သို့သော်...
၇ ရက်ထက်ကြာအောင် မခွဲခဲ့ကြ။

* * *

ကျိုထန်စိမ်းက ဖုန်းလုအား စိတ်မကောင်း ဖြစ်မသွားစေရန် သူ့အတွက် မှာကြားထားသော မုန့်များကို ပလုတ်ပလောင်းစားပြလိုက်သည်။

ထိုအခါ ဖုန်းလှ၏မျက်နှာမှာ ရွှင်လန်းသွားတော့သည်။
သူက ပြုံးလိုက်ပြီး...
"ကျိုထန်စိမ်း စောစောက စကားမျိုး ငါ့ကို တစ်သက်လုံး မပြောနဲ့နော်...ကြားလား"
ကျိုထန်စိမ်းက ပြုံးပြီး ခေါင်းညိတ်ပြလိုက်လေသည်။
"ဪ...ဒါထက် ငါ့ဆီမှာလည်း မုန့်ပါလာပါတယ်ကွ"
ဖုန်းလှက သူ့အားပြုံး၍ ကြည့်လိုက်လေသည်။
"အံမယ် တယ်ဟုတ်ပါလား...ဘာမုန့်လဲ"
ကျိုထန်စိမ်းသည် သူ့အိတ်ထဲမှ အလုံးလေးနှစ်ခုကို နှိုက်ယူလိုက်သည်။ ဂျုံနှင့် ရောစပ်၍ လုပ်ထားသည့် သကြားလုံးကလေး နှစ်လုံး ဖြစ်လေသည်။
ဖုန်းလှက ဝမ်းသာအားရဖြင့်...
"အား...မင်းဝယ်လာတဲ့ သကြားလုံးကလေးတွေက အဖိုးတန်လေးတွေပဲ၊ မင်း ပိုက်ဆံ ရလာပြီနဲ့ တူတယ်"
ကျိုထန်စိမ်းက ခေါင်းယမ်းပြလိုက်သည်။
"စားမှသာ စားစမ်းပါကွာ၊ မေးမနေစမ်းပါနဲ့"
သူတို့နှစ်ယောက်သည် ထိုသို့ပြောပြီး တစ်ယောက် တစ်လုံးစီ ပါးစပ်ထဲ ပစ်သွင်းလိုက်၏။
ဖုန်းလှက သကြားလုံးအား ပါးစပ်ထဲ ပစ်သွင်းရင်းမှ...
"မင်းကျွေးတာ ငါဘာမဆို စားပါ့မယ်ကွာ၊ ဒါပေမယ့် သန့်ရှင်းနေတဲ့ငွေနဲ့ ဝယ်ခဲ့တာလား၊ မသန့်ရှင်းတဲ့ငွေနဲ့ ဝယ်ခဲ့တာလား ဆိုတာ သိချင်လို့ပါ"
ကျိုထန်စိမ်းသည် ဆတ်ခနဲ ဖုန်းလှကို ကြည့်လိုက်လေသည်။
"ဟေ့...ဖုန်းလှ၊ ငါဟာ လောကမှာ မတရားမလုပ်ဘူး၊ မလိမ်မညာဘူးဆိုတာ မင်းသိသလို၊ ငါလည်း မင်းအကြောင်း သိတယ်"

"အေးပါ...ဒါ ဝယ်တာတာပေါ့ ဟုတ်လား"

"မဝယ်နိုင်ပါဘူးကွာ"

ဖုန်းလှမှာ ရုတ်တရက် မျက်လုံးဝိုင်းသွားသည်။

"ဒါဖြင့်..."

"ဘုံကျောင်းရှေ့မှာ မတ်တတ်ရပ်နေတုန်း သူများပေးသွားတာ"

ရုတ်တရက်...

ဖုန်းလှ၏ ပါးစပ်ထဲမှ သကြားလုံးသည် 'မြွတ်' ခနဲ ထွက်လာသလို ဖြစ်သွားပြီးမှ ပြန်၍ငုံထားလိုက်ရ၏။

"အဲ...အဲဒါ မင်းကို သူတောင်းစား အောက်မေ့လို့ ပေးသွားတာကွ၊ သောက်ကောင်ရ"

ကျိုထန်စိမ်းက ပြုံးနေလိုက်သည်။

"ဘာပဲဖြစ်ဖြစ် စေတနာနဲ့ ပေးသွားတာပဲ၊ ငါလုယူ တာလည်း မဟုတ်ဘူး၊ တောင်းယူတာလည်း မဟုတ်ဘူး၊ ဘာလဲ မင်းက မစားချင်လို့လား"

ဖုန်းလှက ရယ်ကျဲကျဲဖြင့်...

"ဒီလောက်ချိုတဲ့ သကြားလုံး မစားဘဲနေပါ့မလားကွ၊ ဒါထက် မင်းက ဘုံကျောင်းမှာ ဘာသွားလုပ်နေရတာလဲ"

ကျိုထန်စိမ်းသည် ဘေးဘီသို့ တစ်ချက်အကဲခတ်ကြည့်ရှုလိုက်ပြီးမှ ဖုန်းလှ၏နားသို့ ကပ်ကာ တိုးတိုးကလေး ပြောနေပေရာ...

ဖုန်းလှမှာ နားထောင်ရင်း နားထောင်ရင်းမှ မျက်လုံးများ ပြူးကျယ်၍ သွားလေတော့၏။

* * *

# အလုံးလိုက် အရင်းလိုက် ဝင်လာသည့် အကုသိုလ်

ဖုန်းလုက...

ကျိုထန်စိမ်းအား မျက်လုံးပြူး၍ကြည့်နေ၏။

ပြီးမှ သူက ပျာပျာသလဲ ကန့်ကွက်လိုက်လေသည်။

"အဲ...အဲ...ဒါတော့ ငါသဘောမတူဘူး၊ အေးအေးနေပါ မောင်ရင်၊ ဒုက္ခတွေရောက်ကုန်ပါ့မယ်"

ကျိုထန်စိမ်းက ပြုံးလိုက်လေသည်။

"မင်း...သိပ်ကြောက်နေသလား"

ဖုန်းလုသည် အံ့သြထိတ်လန့်စွာနှင့် ကျိုထန်စိမ်းအား မော့ကြည့်ပြီး တုန်တုန်ယင်ယင်နှင့် ပြောလိုက်လေသည်။

"မင်းပြောခဲ့တဲ့ ကိစ္စတွေကို လုပ်၊ ငါ အကုန် လက်ခံတယ်၊ ငါလည်း ဝိုင်းလုပ်ရဲတယ်၊ အခုကိစ္စကိုတော့ စိတ်လျှော့လိုက်ပါကွာ၊ ငါတောင်းပန်ပါတယ်"

ကျိုထန်စိမ်းသည် ဖုန်းလုအားကြည့်၍ သက်ပြင်းရှည်ကြီး တစ်ချက်ကို ချလိုက်လေသည်။

"မဟုတ်ပါဘူး၊ မင်းကို ငါမေးပါရစေဦး၊ ဒီကိစ္စလေးဟာ ငါက ဘာများ လွန်သွားမှာမို့လဲ"

ဖုန်းလုသည် ကျိုထန်စိမ်းအား ခြေဆုံးခေါင်းဆုံးကြည့်ကာ...

"မင်းတို့ ငါတို့ရဲ့ အဆင့်အတန်းကို ပြန်ကြည့်ပါဦးကွာ၊ အဲဒီလိုသွားလုပ်သင့်တော်မလား၊ မသင့်တော်ဘူးလားလို့"

ကိုထန်စိမ်းက ပြုံးလိုက်လေသည်။

"ငါက သိပ်သင့်တော်တယ်လို့ ထင်တာပဲ"

"မနောက်ပါနဲ့ကွာ၊ ကျန်တဲ့ဟာသလေး ဘာလေးပြောပါ ဟုတ်လား"

"ငါ ဟာသပြောနေတာ မဟုတ်ဘူး"

ဖုန်းလုသည် ခေါင်းကို တကွင်ကွင်ခါယမ်းလျက်...

"ငါ လုံးဝသဘောမတူဘူး"

"ဒါဖြင့် မင်းမလိုက်ဘူးပေါ့"

ကိုထန်စိမ်းက ထိုင်ရာမှ ထလိုက်သည်။

"ဒါဖြင့်လည်း မင်းကို မတားတော့ဘူး၊ မင်းသဘောပဲ"

ကိုထန်စိမ်းက မျက်မှောင်ကြုတ်၍ ကြည့်လိုက်လေသည်။

"မင်းနဲ့နေခဲ့တော့မယ်ပေါ့ ဟုတ်လား"

ဖုန်းလုက သက်ပြင်းတစ်ချက် ချလိုက်သည်။

"မင်း ငါ့ကို ငရဲပြည်အဖော်ခေါ်ခဲ့တာပဲ"

"လိုက်မယ်၊ မလိုက်ဘူး ပြောပါကွာ"

ဖုန်းလုက မပြုံးချင်ပြုံးချင်နှင့် ပြုံးပြလိုက်သည်။

"မင်းမှာ ဘာရှိလို့လဲကွ"

ကိုထန်စိမ်းက ဆိုင်ရှေ့တစ်နေရာတွင်ရှိနေသော အရာအား လက်ညှိုးထိုး၍ ပြလိုက်လေသည်။

ဖုန်းလုက လှည့်ကြည့်လိုက်ရာ ရုတ်တရက်အံ့သြသွားသည်။

အဘယ်ကြောင့်ဆိုသော်...

ကိုထန်စိမ်း ပြသည့်အရာမှာ 'နီရဲသော ပန်းပွင့်ကြီး' တစ်ပွင့် ပင် ဖြစ်တော့သည်။

❋ ❋ ❋

နီရဲသော ဆေးများက...

ဘုံကျောင်းကြီး၏ တံခါးများတွင် သောက်ပန်းခြယ်သထား
မပေသည်။

ဘုံကျောင်းရှေ့ရှိ မျက်နှာစာတွင် လူတွေက ကျိတ်ကျိတ်တိုး
မနေကြ၏။

သို့သော်...

အထက်တန်းလွှာမှ လူငယ်များပင် ဖြစ်ကြလေသည်။

ဘုံကျောင်းရှေ့တည့်တည့်တွင်...

လှပန်းဆန်ဆင်ထားသော မြင်းများကို တပ်ဆင်ထား
သည့်မြင်းရထားကြီးတစ်စင်းက ခန့်ညားစွာရပ်တန့်ထားပေသည်။

ဘုံကျောင်းမှနေ၍ မြင်းရထားအထိ လမ်းတစ်လျှောက်ကို
လျှောက်သွားနိုင်ရန် ရှင်းလင်း၍ ထားပေသည်။

ဘေးတစ်ဖက်တစ်ချက်တွင် စစ်သည်ရဲမက်တို့က စောင့်ကြပ်
နေသည်။

ဘုရားကျောင်းတွင်း၌ ဝတ်ပြုနေသော တစ်စုံတစ်ယောက်
သည် မကြာမီအချိန်အတွင်း ကျောင်းထဲမှထွက်လာကာ ထိုရှင်း
လင်းထားသော လမ်းမပေါ်မှနေ၍ မြင်းရထားဆီသို့ လျှောက်လာ
မည် ဖြစ်ပေမည်။

ထိုသူကား အခြားသူမဖြစ်နိုင်။

သခင်မလေး 'ကျင်းအောရီ' ပင် ဖြစ်ပေမည်။

+++

ကျင်းအောရီ...

သူမသည် လူယန်းမြို့စားကြီး၏ တစ်ဦးတည်းသော အချစ်ဆုံး
သမီးပင်ဖြစ်သည်။

ရုပ်ရည် လှပချောမောသလောက် မာနကြီးသည်။

စိတ်ခက်ထက်သည်ဟု အများတကာ၏ ပါးစပ်ဖျား၌ ရေပန်း
စားနေသော မိန်းကလေးတစ်ဦးပင် ဖြစ်လေသည်။

သူမ၏ ချောမောလှပသော ဂုဏ်သတင်းကလည်း အနယ်နယ်အရပ်ရပ်သို့တိုင်အောင် ကျော်ကြားနေသဖြင့် အရို့အချို့သော သူဌေးသူကြွယ်များသည် သူတို့၏သားနှင့် ပစ္စည်းကိုပုံအပ်၍ လာရောက် တောင်းရမ်းပါသော်လည်း သူမ၏ ခေါင်းခါရမ်းမှုကြောင့် လက်လျှော့၍ ပြန်သွားကြရသည်သာ များလှပေသည်။

ထို့အတွက်ကြောင့်လည်း တစ်မျိုးတစ်ဖုံ နာမည်က ပိုကြီးလာသည်ဟု ဆိုရပေမည်။

မြို့စားကြီး 'ကျင်းဝမ်း' ကလည်း မည်မျှပင် ပစ္စည်းဥစ္စာပေါများကြွယ်ဝသည့် သူဌေးသားပင်ဖြစ်ပါစေမူ သူ၏သမီးက မနှစ်သက်လျှင် လုံးဝထပ်မံ၍ အနှောင့်အယှက်မပေးရဟု ကြေညာထားသည်။

အကယ်၍ သမီးလေးက နှစ်သက်မှသာလျှင် သင့်တင့်လျောက်ပတ်သောသူနှင့် လက်ထပ်စေရမည်ဟု အတိအလင်းပြောထားလေသည်။

ထို့ကြောင့်...

လူယန်းတစ်မြို့လုံးရှိ သူဌေးသားများသည် ပစ္စည်းအမျိုးမျိုး ပညာအမျိုးမျိုးပြ၍ ကျင်းအောရှိအား ပိုးပန်းကြလေသည်။

လက်ဆောင်ပဏ္ဏာများ ပို့သကြလေသည်။

ရင်းလက်ဆောင် ပဏ္ဏာတို့သည်သာ မြို့စားကြီးအိမ်တွင် တောင်ပုံရာပုံသာ အဖတ်တင်နေသည်။

တချို့သူဌေးသားများသည် ယခုထက်တိုင် သူမ၏မျက်နှာကို မတွေ့ မမြင်ဖူးကြပါပေ။

***

နှစ်သစ်ကူးရက်။

ထိုနေ့သည် နေ့ထူးနေ့မြတ်တစ်ရက်ဖြစ်သည့်အားလျော်စွာ

ကျင်းအောရီသည် နှစ်စဉ်နှစ်တိုင်းပင် ထိုဘုရားကျောင်းသို့ လာရောက်၍ ဂါရဝပြုတတ်လေသည်။

ထိုသောအခါ ...

မိတ်ဆွေအပေါင်းအသင်းများနှင့် သူဌေးသား၊ ကာလသားတို့သည် သူ့ထက်ငါ တိုးဝှေ့၍ ကျင်းအောရီအားကြည့်ရှုကြလေသည်။

နာမည်ကျော်ကြားပြီး မမြင်ဖူးလေလေ ကြည့်ချင်လောအသိသရှိကြလေလေဆိုသည်မှာ လူတို့၏ သဘာဝပင်ဖြစ်လေသည်။

ယခု သူတို့သည် ဘုရားကျောင်းရှေ့ဝယ် ကျင်းအောရီ ထွက်လာမည့်လမ်းကို လည်တဆန့်ဆန့်နှင့် မျှော်နေကြ၏။

အချို့သော ကာလသားများမှာ အဖိုးတန်လက်ဆောင်ပစ္စည်းကလေးများကို ကိုင်ဆောင်ထားကြလေသည်။

ထိုလက်ဆောင်ပစ္စည်းပေါ်တွင် သူတို့၏နာမည်ကလေးများကို ရေးထိုး၍ပင် ထားကြသေး၏။

ကျင်းအောရီ ဘုရားကျောင်းထဲမှ ထွက်လာသည်ဆိုသည်နှင့် တစ်ယောက်ပြီးတစ်ယောက် လက်ဆောင်ပေး၍ မိတ်ဖွဲ့ကြမည် ဖြစ်လေသည်။ ထိုကဲ့သို့သော မြင်ကွင်းကို တမင်သက်သက်ကြည့်ရှုရန်လာ သောသူများကလည်း မနည်းလှပါပေ။

ယင်းအခိုက် ဆူဆူညံညံ တစ်ချက်ကြားလိုက်ရပြီး ဘုရားကျောင်း တံခါး ပွင့်လာပေသည်။

တံခါးပွင့်လာသည်နှင့် တပ်မှူးအဆင့်ရှိသော ဝတ်စုံကို ပတ်ဆင်ထားသည့်လူနှစ်ယောက်က ရှေ့မှထွက်လာ၏။

သူတို့၏နောက်တွင် ...

အပြာရောင်ဝတ်စုံကိုလှပစွာဝတ်ဆင်ထားသည့် ကျင်းအောရီသည် ဣန္ဒြေရစွာသော ခြေလှမ်းများဖြင့် ထွက်၍လာလေသည်။

သူမ၏မျက်နှာကို လွန်စွာမှ ပါးလွှာလှသော ဇာပဝါကလေးကအုပ်ဆိုင်းထားပေသည်။

အနီးကပ်မြင်ရသောသူအဖို့ ကောင်းစွာ မြင်နိုင်ပေသည်။

သူ၏နောက်တွင် အပျိုရံခြောက်ဦးက အဆင်သင့်လိုက်ပါလာသည်။

သူမက ကျောင်းလှေကားမှ ဆင်းလိုက်သည်နှင့်ပင် အဖြူရောင်ဝတ်စုံကို သပ်သေခန့်ညားစွာ ဝတ်ဆင်ထားသော လူငယ်တစ်ဦးက သူမအား ဦးညွှတ်၍ အရိုအသေပေးလိုက်ပြီး သူ၏လက်ထဲမှ သေးငယ်သော စက္ကူသေတ္တာကလေးကို လှမ်းပေးလိုက်လေသည်။

အဖိုးတန် ပစ္စည်းတစ်ခုဖြစ်မည်မှာ မပြောဘဲနှင့် သိနိုင်သည်။

သူမက အသိအမှတ်ပြုကြောင်း ခေါင်းလေးကို မသိမသာဆတ်ခနဲ ညိတ်ပြလိုက်၏။

ထိုကဲ့သို့ ညိတ်ပြလိုက်သည်ဆိုလျှင်ပင် အပျိုရံမိန်းကလေးတစ်ဦးသည် ရှေ့သို့ရောက်ရှိလာပြီး လူငယ်ပေးသောသေတ္တာ ကလေးအား လက်ခံယူလိုက်လေသည်။

ကျင်းအောရိက သူမ၏ လက်ဖျားနှင့် လုံးဝမထိပါ။

လူငယ်သည် သူ၏ပစ္စည်းကို လက်ခံသည်ဆိုလျှင်ပင် အကျေနပ်ကြီး ကျေနပ်လျက် နောက်သို့ ပြန်ဆုတ်လိုက်၏။

နောက်တစ်ယောက် ထွက်လာပြန်သည်။

သူ၏နာမည်ကို ဖော်ထုတ်မိတ်ဆက်၏။

လက်ဆောင်ပစ္စည်းလေးကို ပေးကမ်းလေသည်။

❋ ❋ ❋

တိုတောင်းလှသည့် လမ်းကလေးပင် ဖြစ်လင့်ကစား ကျင်းအောရိမှာ မြင်းရထားဆီသို့ တော်တော်နှင့် မရောက်နိုင်ပါပေ။

တစ်ယောက်ပြီးတစ်ယောက် ထွက်လာ၍ နှုတ်ခွန်းဆက်နေကြသည်။

တချို့ကလည်း လက်ခုပ်လက်ဝါးတီး၍ ဩဘာပေးကြ၏။

တချို့ကလည်း ဖြောက်အိုးများကို အတွဲလိုက် ပစ်ဖောက်ကာ ရှိုးမွမ်းကြလေသည်။

ကလေးများကလည်း အော်ဟစ်၍ ဖြောက်အိုးများကို တစ်လုံးပြီး တစ်လုံး ပစ်ဖောက်ကြလေသည်။

ကျင်းအောရီမှာ တဖြည်းဖြည်း မြင်းရထား၏အနားသို့ နီးကပ်လာပြီ ဖြစ်လေသည်။

အပျိုရုံခြောက်ဦး၏ လက်ထဲတွင်လည်း အထုပ်ကြီး၊ အထုပ်ငယ်များက အမ်အရီ ဖြစ်နေ၏။

နှုတ်ဆက်သူများ ရပ်တန့်သွားလေသည်။

ယင်းအခိုက် တစ်နေရာတွင် ရပ်နေသော လူငယ်နှစ်ဦးအနက် တစ်ဦးက တိုးထွက်၍ လာပေတော့သည်။

ကျိုထန်စိမ်းပင် ဖြစ်လေသည်။

✱ ✱ ✱

ဖုန်းလုသည် ရင်တထိတ်ထိတ်ဖြင့် မျက်လုံးကြီး ပြူးနေသည်။

ဤမျှလောက် သူဌေးသူကြွယ် ပေါများနေသည့်ကြားထဲတွင် အဝတ်အစား နွမ်းပါးစွာဖြင့် ဝင်ရောက်လာသော ကျိုထန်စိမ်းအတွက် ဖုန်းလုမှာ ဒေါသထွက်နေ၏။

သို့သော်...

တားမရသည့်အဆုံး ရင်တထိတ်ထိတ်ဖြင့်သာ စောင့်ကြည့်နေရတော့သည်။

ကျင်းအောရီမှာ ရုတ်တရက် အံ့အားသင့်သွားလေသည်။

နွမ်းပါးစွာ ဝတ်ဆင်ထားသော လူငယ်တစ်ဦး၏ သူ့ရှေ့တွင် ရုတ်တရက် မတ်တတ်ရပ်ကာ အရိုအသေပေးလိုက်သည်ကို အံ့ဩစွာဖြင့် ကြည့်ရှုနေမိသည်။

ဝန်းကျင်တစ်ခုလုံးသည်...

ကလေးများ၏ ဗြောက်အိုးဖောက်သံမှအပ တိတ်ဆိတ်သွားသည်ဟု ထင်လိုက်ရလေသည်။

ကျိုထန်စိမ်းက နှစ်လိုဖွယ်ရာ ပြုံးလိုက်လေသည်။

"ကျွန်တော့်နာမည် ကျိုထန်စိမ်းပါ၊ သခင်မလေးအတွက် ဒီပန်းကလေး လက်ဆောင်ပေးလိုက်ပါရစေ"

ကျင်းအောရီမှာ ရုတ်တရက် မျက်နှာနီမြန်းသွားလေသည်။

ဤမျှ သူဌေးသူကြွယ်တွေ၏ သားများအလယ်တွင် ဆင်းရဲနွမ်းပါးသော လူတစ်ယောက်က ရောက်ရှိလာပြီး အဖိုးမထိုက်တန်လှသည့် ပန်းတစ်ပွင့်ကို ပေးနေသည့်အတွက် တစ်ခါမှလည်း မကြုံဖူးသောကြောင့် ရှက်သွားသလို ဖြစ်နေ၏။

မည်သို့ကြောင့်မှန်းမသိပါ။

ထိုသူ၏ နှစ်လိုဖွယ်အပြုံးက သူ၏လက်ကို အလိုလိုဆန့်တန်းမိသား ဖြစ်သွားပြီး ကျိုထန်စိမ်းထံမှ ပန်းကိုလှမ်းယူမိလိုက်လေသည်။

အနားတွင် ခြံရံနေသော တပ်မှူးနှစ်ယောက်သည်လည်း သခင်မလေး ကျင်းအောရီကိုယ်တိုင် လက်ခံလိုက်သည်မို့ ဘာမှ မပြောသာပါ။

ကျိုထန်စိမ်းကိုတော့ နှာခေါင်းရှုံ့၍ ကြည့်နေပေသည်။

ယင်းအခိုက်ကလေးမှာပင် မမျှော်လင့်သော အဖြစ်အပျက်တစ်ခုသည် လျှပ်တစ်ပြက် အတွင်း ပေါ်ပေါက်လာလေတော့သည်။

ထိုဘာမဟုတ်သော အဖြစ်အပျက်ကလေးသည်...

တစ်ဦးတစ်ယောက် သို့မဟုတ် ပတ်သက်သောသူများအားလုံးအဖို့ ဒုက္ခရောက်အောင် ဖန်တီးသွားလေတော့သည်။

❋ ❋ ❋

အဘယ့်ကြောင့်ဆိုသော်...

ကိုထန်စိမ်းက ပန်းကလေးကိုပေး၍ ကျင်းအောရီက လှမ်းယူပြီးကာစပင် ရှိသေးသည်။

ကိုထန်စိမ်း၏လက်က ကျင်းအောရီအား ပန်းပေးပြီးသည်နှင့် ကျင်းအောရီ၏ လှပစွာပြင်ဆင်ထားသော ခေါင်းပေါ်သို့ ရုတ်တရက် လှမ်းကိုင်လိုက်လေသည်။

ကျင်းအောရီမှာ မည်ကဲ့သို့ ဖြစ်သွားမှန်းမသိပါ။

သူမ၏ ဦးခေါင်းအား ရုတ်တရက် လှမ်းကိုင်လိုက်သဖြင့်...

"ဟင်...ရှင်...ရှင်"

ဟု ပါးစပ်မှ မြည်တွန်မိလေသည်။

ထိုအခိုက် တပ်မှူးတစ်ယောက်၏ လက်သီးသည် ကိုထန်စိမ်း၏ မေးရိုးအား ပြင်းထန်စွာရိုက်ခတ်စေပြီး ကိုထန်စိမ်းမှာ မဟာနိုင်တော့ဘဲ လဲကျသွားတော့သည်။

ကိုထန်စိမ်းမှာ မြေကြီးနှင့်ကျော ထိသွားသည်နှင့်...၊

သူ၏လက်ထဲမှ အရာဝတ္ထုကလေးတစ်ခုသည် ထပေါက်လေတော့သည်။

"ဒိုင်း"

❋ ❋ ❋

တကယ်တော့...

ဘယ်ကပစ်လိုက်မှန်းမသိသော မြွေကြက်အိုးကလေးတစ်လုံးသည် စနက်တံမီးစွဲလျက်သားနှင့် သခင်မလေး ကျင်းအောရီ၏ ခေါင်းပေါ်သို့ ကျလာသည်ကို ကိုထန်စိမ်းဟာ ကပျာကယာ ဆွဲယူ၍ လက်နှင့်ဆုပ်ကိုင်ထားလိုက်ခြင်း ဖြစ်ပေသည်။

ကျင်းအောရီက သဘောပေါက်သွားပါသည်။

စိတ်ထဲမှလည်း...

"ဪ...ငါခေါင်းပေါ်လာကျတဲ့ ဖြောက်အိုးကို ခေါင်းမီးလောင်မှာစိုးပြီး သူက ကမန်းကတန်း ယူလိုက်တာပါလား"

ဟု သဘောပေါက်မိလေသည်။

သူမှာ ရုတ်လွန်း၍ မျက်နှာလွှဲကာ ရထားပေါ်သို့ တက်လိုက်လေသည်။

တပ်မှူးနှစ်ယောက်သည် ကျိုထန်စိမ်း၏ ရှင်းပြခွင့်ကို လက်မခံပါ

သူတို့၏ လက်သီးများသည် မိုးသီးမိုးပေါက်ပမာ ကျိုထန်စိမ်း၏ မျက်နှာပေါ်သို့ ကျရောက်နေ၏။

ထိုအခိုက် ဖုန်းလုက ခုန်ဝင်လာလေသည်။

ကျိုထန်စိမ်းသည် သေချာစွာ သဘောပေါက်မိလိုက်ပါပြီ။

ဖုန်းလုသည် နေတော့မည်မဟုတ်ပါ။ တပ်မှူးများကို သူသေကိုယ်သေ တိုက်ခိုက်မည့်သဏ္ဌာန်ပင် ဖြစ်တော့သည်။

ဒီတော့သူ့ကိစ္စ သူရှင်းမှ သင့်တော်တော့မည်ဟု ကျိုထန်စိမ်းက သဘောပေါက်မိလေသည်။

ထို့ကြောင့် သူသည် သူ၏ပြင်းထန်လှသော လက်သီးတစ်လုံးကို ဖုန်းလုဆီ ပစ်သွင်းပေးလိုက်ရာ ဖုန်းလုမှာ လူအုပ်ကြားထဲသို့ လွင့်စဉ်၍ သွားပေတော့သည်။

ထိုသို့ သူ၏အဖော်အား ပြန်ထိုးလိုက်သည်ကို တပ်မှူးနှစ်ဦးမှာ ရုတ်တရက် အံ့အားသင့်သွားပေသည်။

အဘယ့်ကြောင့်ဆိုသော်...

ကျိုထန်စိမ်း၏လက်သီးမှာ ဤမျှပြင်းထန်လိမ့်မည်ဟုသူတို့ မထင်မိပါ။

**သူတို့နှစ်ဦးအား ကျိုထန်စိမ်းက လုံးဝပြန်လည် မခုခံပါ။**
**လေသံအေးအေးဖြင့် ရှင်းပြလိုက်သည်။**
**"ဖြောက်အိုးက သခင်မခေါင်းပေါ်မှာ ပေါက်မှာစိုးလို့ပါဗျာ"**

ထိုစကားကို သခင်မလေးကလည်း ကြားပါသည်။
သူမမှာ အရှက်လွန်နေ၍ ဘာမှဝင်မပြောပါ။
တစ်ဖက်သို့သာ လှည့်နေမိလေသည်။
တပ်မှူးနှစ်ယောက်မှာ ကျိုထန်စိမ်း ပြောသည်ကို လုံးဝ ဂရုမစိုက်ပါ။ တစ်ယောက်က ချုပ်ကိုင်ထားပြီး တစ်ဦးက ဖွတ်ပင်ထိုးနေသည်။
တစ်ချက်...
နှစ်ချက်...
သုံးလေးချက်...
ကျိုထန်စိမ်းသည် သည်းခံမှု အတိုင်းအတာ ကုန်ဆုံးသွားပြီဖြစ်လေသည်။
သူသည် ရှေ့မှ ပယ်ပယ်နယ်နယ်ထိုးနေသော တပ်မှူးအား တစ်ချက် ကန်ထည့်လိုက်လေတော့သည်။
"ဝုန်း"
ထိုအသံနှင့်အတူ တပ်မှူးမှာ လွင့်စဉ်ထွက်သွားတော့၏။
တဖန် ကျိုထန်စိမ်းသည် သူ့အားချုပ်ကိုင်ထားသူ၏ ခန္ဓာကိုယ် တစ်ချက်လှည့်ကာ မည်ကဲ့သို့ သူ၏လက်သီးကို အသုံးချလိုက်သည် မသိပါ။ တပ်မှူးသည်...
"ဝုန်း"
ဟူသောအသံနှင့်အတူ ခပ်ဝေးဝေးသို့ လွင့်စဉ်သွားတော့သည်။
ထိုအခါ ရဲမက်များသည် ဓားကိုယ်စီဆွဲထုတ်လျက် ကျိုထန်စိမ်းအား ဝိုင်းရံထားလိုက်သည်။
ထိုအထဲမှ ဗလကောင်းကောင်းနှင့် တပ်သားနှစ်ဦးက ကျိုထန်စိမ်းအား ဖမ်းဆီးချုပ်နှောင်ထားလိုက်ကြသည်။
ထိုသို့ ချုပ်နှောင်ထားပြီးသည်နှင့် စောစောက လဲကျသွား

သော တပ်မှူးသည် ထလာကာ သူ၏ဓားကို လျှပ်တစ်ပြက် ဆွဲထုတ်လိုက်လေသည်။

သူသည် ကျီထန်စိမ်း၏မျက်နှာကို စူးစူးဝါးဝါးကြည့်ကာ သူ၏ဓားဖြင့် ခုတ်ပိုင်းရန် လက်ကိုမြှောက်လိုက်လေတော့၏။

ယင်းအခိုက်...

"ရပ်လိုက်ပါ"

ထိုအသံကြောင့် တပ်မှူးက လှည့်ကြည့်လိုက်ရာ မြင်းလှည်းပေါ်မှ သခင်မလေး ကျင်းအောရိကို တွေ့လိုက်ရပေသည်။

"ဒီကိစ္စကို နောက်မှပဲ စဉ်းစားပါ၊ လမ်းမပေါ်မှာ မကောင်းဘူး၊ ပြန်ကြမယ်"

တပ်မှူးက မကျေမနပ်ဖြင့် ကျီထန်စိမ်းအား လက်ညှိုးထိုးပြ၍...

"သူ့ကို ဘယ်လိုလုပ်ရမှာလဲ သခင်မလေး"

သခင်မလေး ကျင်းအောရိ၏ အေးဆေးတည်ငြိမ်သောအသံက ထွက်ပေါ်လာလေသည်။

"သူ့ကို လုံးဝလွှတ်ပေးလိုက်ပါ"

* * *

# ကျွန်ဝယ်ရာ အဆစ်ပါ

လူအုပ်ကြီး စုပြုံနေရာဆီသို့ ရောက်သွားရာ...

ဖုန်းလုမှာ သတိမရသေးပေ။

ကျိုထန်စိမ်းသည် တိုးဝှေ့ဝင်ရောက်သွားပြီး ဖုန်းလုအား ပခုံးပေါ်သို့ ပစ်တင်လိုက်လေသည်။

ထို့နောက် သူသည် အနီးဆုံးရှိသော ဖုန်းလု၏အိမ်ဆီသို့ပင် ခေါ်ဆောင်လာခဲ့ပေသည်။

ဖုန်းလုသည် အိမ်ရောက်သည်နှင့် သတိရရှိလာသည်။

သူသည် သူ၏ဖက်ကို ဟိုဘက်ဒီဘက်လှည့်ကာ ကျိုထန်စိမ်းအား ပြူးကျယ်သော မျက်လုံးအစုံဖြင့် ကြည့်လိုက်လေသည်။

"မင်း မသေသေးဘူးလား"

ကျိုထန်စိမ်းက ပြုံးလိုက်လေသည်။

"ငါက ဘာလို့သေရမှာလဲ"

"မင်းလုပ်တဲ့ကိစ္စတွေက အကုန်လုံး သေသွားနိမ့်တာပဲ"

"မသေလို့ဘဲ အခုလိုပြန်တွေ့နေရတာ မဟုတ်လား"

"မင်းက အခုထက်ထိ လာတုန်းရှိသေးတယ်၊ မင်းသူ့ကို ဒီပန်းကလေး လက်ဆောင်မပေးရတော့ကော ဘာဖြစ်သွားမှာ မို့လို့လဲ"

"ဟဲ...ဟဲ...သူ့မျက်နှာလေးကို မြင်ချင်လို့ပေါ့ကွာ"

"အခုတော့ကော တွေ့လိုက်ရလို့လား"

ကျိုထန်စိမ်းက ပြုံးပြလိုက်ပြန်သည်။

"ဘယ်တွေ့ရမှာလဲကွာ၊ ကြောက်အိုးက ဝင်ရှုပ်သွားတာ"

ဖုန်းလုသည် သူ့အား မကျေမနပ်ကြည့်ကာ...

"အဲဒီကိစ္စ အေးမယ်များ ထင်နေသလား"

"မအေးလည်း ပူရုံပဲ ရှိတာပေါ့၊ ဘာလို့ တွေးကြောက်နေရမှာလဲ"

"မင်းပြောလိုက်ရင် အဲဒီအတိုင်းပဲ၊ ဒါနဲ့ မင်းက ငါ့ကို ဘာဖြစ် လို့ ပစ်ထိုးရတာလဲ"

"ပိုပြီးရှုပ်ကုန်မှာစိုးလို့ပေါ့ကွ"

ဖုန်းလုက သူ့အား နားမလည်သလိုကြည့်ပြီး...

"ဘယ်လို ရှုပ်ကုန်မှာလဲ"

"မင်းဝင်လာရင် ကိစ္စတွေက ပိုပြီး ကြီးကျယ်ကုန်မှာပေါ့"

"အခုကော ကြီးကျယ်မလာဘူးလို့ မင်းထင်နေသလား"

ကျိုထန်စိမ်းက မခိုးမခန့်ပြုံးလိုက်ပြန်သည်။

"သူ့ဟာသူ ကြီးကျယ်လာတော့လည်း ငါက ဘာတတ်နိုင်မှာမို့လဲ"

"မင်းကိုပြောလိုက်ရင် အဲဒီလိုပဲ"

ကျိုထန်စိမ်းက သဘောကျစွာဖြင့် တဟားဟား ရယ်မောလိုက်သည်။

❋ ❋ ❋

နှစ်သစ်ကူးနေ့မှ...

ဥဒဟိုသွားလာနေကြသော လူကြီးလူငယ်များမှာ လမ်းမအသွယ်သွယ်ပေါ်၌ စည်ကားလျက် ရှိနေပေသည်။

ကျိုထန်စိမ်းနှင့် ဖုန်းလုကတော့ အများသူငါကဲ့သို့ ပျော်ရွှင်စွာနှင့် မလည်ပတ်နိုင်ခဲ့ပါ။

ကျော်ထန်စိမ်းသည် ဖုန်းလုနှင့် စကားခပ်မြည်မြည်ပြောဆိုပြီး တအောင့်အကြာတွင် သူ၏အိမ်ရှိရာသို့ လှည့်ပြန်လာသည်။

သူ၏စိတ်ထဲတွင် ဓာတ်ပုံဝါကြား၌ ခပ်ရေးရေးမြင်လိုက်ရသော မြို့စားကြီး၏သမီး ကျင်းအောရီ၏ရုပ်သွင်အား မျက်စိထဲ၌ တရေးရေးမြင်ယောင်နေ၏။

သူသည် ကျင်းအောရီ၏မျက်နှာအား ထင်ရှားစွာတွေ့မြင်ရခြင်း မရှိသေးပါ။

အကယ်၍သာ ထင်ရှားစွာ တွေ့မြင်ရမည်ဆိုပါက ထိုထက်မင် ဖွံ့လမ်း၍များ နေမလားဟု သူ့ကိုယ်သူ ပြန်၍တွေးတောလာမိလေသည်။

ကျော်ထန်စိမ်းသည် ထိုကဲ့သို့ တွေးတောလာရင်းမှလည်း ပြုံးလိုက်မိပြန်သည်။

"အို...သူဘယ်လောက်ချောချော၊ ဘယ်လောက်လှလှ ငါနဲ့ ဘာပတ်သက်လို့လဲ၊ ငါ့အဆင့်အတန်းနဲ့ သူ့ကိုထည့်ပြီးစဉ်းစား နေမိတာ ငါ့ရူးတာပဲ"

ဟုလည်း တစ်ယောက်တည်း စိတ်ထဲမှညည်းညူလိုက်မိ၏။

ထိုအခိုက်...

လူသုံးယောက်သည် သူနှင့်မျက်နှာချင်းဆိုင်နေရာမှ လျှောက်လှမ်းလာရင်း သူ့၏ရှေ့တည့်တည့်တွင် ပိတ်၍ရပ်တန့်လိုက်လေသည်။

ကျော်ထန်စိမ်းက မော့ကြည့်လိုက်ရာ ထိုသူသုံးဦးကို မြင်လိုက်ရသည်နှင့် ရင်ထဲ၌ ထိတ်ခနဲဖြစ်သွားလေသည်။

လူသုံးဦးအနက် အလယ်လူမှာ စောစောက သူ၏ပစ်ထိုးခြင်းကို ခံလိုက်ရသော တပ်မှူးတစ်ဦးဖြစ်နေသည့်အပြင် ကျန် လူနှစ်ယောက်မှာ စစ်သည်ရဲမက်များဖြစ်နေသည်ကို တွေ့ရှိလိုက်ရလေသည်။

သူ၏အမည်မှာ...

'တပ်မှူး မုရုံချမ်း' ပင် ဖြစ်သည်။

တပ်မှူး မုရုံချမ်းသည် စိတ်ဓာတ်ခက်ထန်ပြီး ရက်စက်ကြမ်းကြုတ်သော လူတစ်ဦးဖြစ်သည်ဟု ကျိုထန်စိမ်းက ကြားဖူးလေသည်။

တစ်ခုတော့ရှိပါသည်။

မုရုံချမ်းသည် လူကောင်းသူကောင်းများအပေါ် ရက်စက်ခဲ့သည်တော့ မဟုတ်ပါပေ။

ဘုရင်နှင့်တကွ စစ်သည်ရဲမက်များအား တော်လှန်ပုန်ကန်သောလူ။ ထို့နောက် တိုင်းသူပြည်သားတို့အား မတရားလုယူတိုက်ခိုက်ညှဉ်းဆဲ သတ်ဖြတ်သောလူ။ ထိုကဲ့သို့သော် လူများအား မုရုံချမ်းက လုံးဝ ညှာတာခြင်းမရှိပါ။

ယခု မုရုံချမ်းသည် ကျိုထန်စိမ်း၏ ရှေ့တည့်တည့်တွင် ရပ်ကာ စိန်းစိန်းကြီးကြည့်နေ၏။

ကျိုထန်စိမ်းက ပြုံးလိုက်သည်။

"တပ်မှူး ဘာပြောစရာ ရှိနေလို့ပါလဲ"

မုရုံချမ်းက တစ်ချက်မဲ့လိုက်သည်။

"မင်းအပြစ် မင်းမသိဘူးလား"

ကျိုထန်စိမ်းသည် မျက်မှောင်ကြုတ်လိုက်မိ၏။

"ဘယ်လိုအပြစ်မျိုးပါလဲ ခင်ဗျာ"

"ဟင်...မင်းဟာ သခင်မလေးကို ပူလယ်ခေါင်မှာ အရှက်တကွဲ အကျိုးနည်းဖြစ်အောင်လုပ်တယ်၊ တပ်မှူးတွေကို ခုခံတိုက်ခိုက်တယ်၊ ဒါ့ထက်ကြီးမားတဲ့အပြစ် လောကမှာ ရှိဦးမှာလားကွ"

ကျိုထန်စိမ်းမှာ ရုတ်တရက် စိုးရိမ်ထိတ်လန့်သွားလေသည်။

မုရုံချမ်း၏ အကြောင်းပြချက်မှာ သေးငယ်သော အမှုအားကြီးကျယ်အောင် ပြောဆိုနေခြင်းပင် ဖြစ်လေသည်။

သူ့စကားအရဆိုပါလျှင် မြို့စားကြီးသည် သူ၏သမီးအား

အရှက်တကွဲအကျိုးနည်းအောင် လုပ်ဆောင်ပါသည်ဆိုသော ဖြစ်မှုနှင့် သေဒဏ်ပင် စီရင်နိုင်လေသည်။

ထို့အပြင်...

တပ်မှူးများအား ပြန်လည်ခုခံတိုက်ခိုက်သည်ဆိုသော စကားမှာလည်း သူပုန်များသာလျှင် ထိုကဲ့သို့ ဘုရင့်အာဏာသားများအား ပြန်လည်တိုက်ခိုက်သည် မဟုတ်ပါလား။

ကျိုထန်စိမ်းက အနားအညွှတ်ပင် ပြုံးပြလိုက်လေသည်။

"ကျွန်တော့်မှာ ဒီလိုသဘောမျိုးမရှိပါဘူး တပ်မှူး၊ ဒီကိစ္စဟာ မတော်တဆဖြစ်ရတဲ့ ကိစ္စပါ"

မုရုံချမ်းက မျက်မှောင်ကြုတ်၍ သူ့အားကြည့်လိုက်၏။

"ဘာ...မတော်တဆဖြစ်ရမှာလဲ၊ မင်းဟာ ဘာမှအဖိုးမတန်တဲ့ ပန်းတစ်ပွင့်ကိုကိုင်ပြီး သခင်မလေးကို နှောင့်ယှက်တယ်၊ နောက်မင်းက တစ်စုံတစ်ယောက်ကို ခြောက်အိုးနဲ့ပစ်ခိုင်းပြီး ဣန္ဒြေပျက်အောင် လုပ်ဆောင်တယ်၊ ဒါဟာ ခွင့်လွှတ်နိုင်စရာ မရှိတဲ့ အပြစ်တွေပဲ"

ထိုစကားကြောင့် ကျိုထန်စိမ်း မျက်လုံးပြူးသွားရလေသည်။

"ကျွန်တော့်မှာ ဒီလိုနှောင့်ယှက်တဲ့စိတ်ထားမျိုး မရှိပါဘူးဗျာ"

တပ်မှူး မုရုံချမ်းက သူ၏စကားဆုံးအောင်ပင် မစောင့်တော့ပါ။

"အဲဒါတွေကိုတော့ မင်း မြို့စားကြီးနဲ့ တွေ့တဲ့အခါကျမှ ကြည့်ရှင်းပါ၊ လောလောဆယ်ကတော့ မင်း တို့နဲ့လိုက်ခဲ့ဖို့ပဲ"

ကျိုထန်စိမ်းမှာ ထိတ်လန့်သွားလေသည်။

သူတို့တစ်တွေသည် သေးငယ်သောကိစ္စကို ကြီးကျယ်အောင် ဖန်တီးနေကြသည်မှာ သေချာပြီဟုလည်း သူက တွက်မိလိုက်လေသည်။

"ကျွန်တော် လိုက်စရာမလိုဘူးနဲ့ တူတယ်ဗျာ"

တပ်မှူး မုရုံချမ်းက ဒေါသဖြင့် လှမ်းအော်လေသည်။

"ဘာဖြစ်လို့ မလိုက်ရမှာလဲ၊ မြို့စားကြီးတစ်ယောက်လုံး ခေါ်တာကို မင်းမလိုက်နိုင်ဘူးဆိုရင် အာဏာဖီဆန်သလိုဖြစ်သွားမှာပေါ့"

ကျိုထန်စိမ်းမှာ ရင်ထဲမှ စိုးရိမ်ပူပန်သွားမိပြီး သက်ပြင်းတစ်ချက်ကို ချလိုက်လေသည်။

"ကျွန်တော် ဘယ်နည်းနဲ့မှ မလိုက်နိုင်ဘူး"

ကျိုထန်စိမ်းက ထိုကဲ့သို့ပြောပြီးသည်နှင့် ဧရာင်ရှားထွက်ပြေးရန် နောက်ကြောင်းသို့ ပြန်လှည့်လိုက်လေသည်။

သို့သော် ရဲမက်တစ်ဦးသည် သူ၏အနီးသို့ လျင်မြန်စွာ ရောက်ရှိလာပြီး ဓားနှင့် ဖြေ့ယမ်းလေသည်။

ကျိုထန်စိမ်းက အသာအယာ ရှောင်တိမ်းလိုက်လေသည်။

သူသည် တစ်စုံတစ်ခုကို ပြောဆိုတောင်းပန်မည်ဟု ကြံပါသော်လည်း ရဲမက်နှစ်ဦးနှင့် တပ်မှူးသည် လုံးဝလက်မခံတော့ပါ။

ကျိုထန်စိမ်းအား ဝိုင်းဝန်း၍ တိုက်ခိုက်လေပြီဖြစ်၏။

သုံးဦးသားသည် ကျိုထန်စိမ်းအပေါ် တကယ့် ရန်သူကြီးတစ်ယောက်ပမာ သဲသဲမဲမဲပင် တိုက်ခိုက်လေသည်။

ကျိုထန်စိမ်းက ပြန်လည်၍ မခုခံလိုပါ။

အကျိုးအကြောင်းကို ပါးစပ်ဖြင့် ရှင်းပြရန်သာ ကြိုးစားနေ၏။

တပ်မှူး မုရုံချမ်းနှင့် ရဲမက်နှစ်ဦးသည် လုံးဝလက်ခံခြင်း မရှိတော့ဘဲ တရစပ် တိုက်ခိုက်နေသဖြင့် သူ့အဖို့ မလွှဲသာ မရှောင်သာ တိုက်၍ ခုခံရတော့၏။

တပ်မှူးမုရုံချမ်း၏ တိုက်ကွက်များက ကျိုထန်စိမ်း၏ မျက်လုံးများကို ပြာဝေ၍သွားလေတော့သည်။

လျင်မြန်သွက်လက်လှသော မုရုံချမ်း၏ဓားမှာ ဖွေးခနဲ လက်ခနဲ ဖြစ်၍လာကာ ကျိုထန်စိမ်းအား သေတွင်းသို့ ပို့ဆောင်နေပေသည်။

ကိုထန်စိမ်း၏ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားရပေသည်။

သို့သော်...

သူက တတ်နိုင်သမျှ ကြိုးစား၍ ပြုံးလိုက်သည်။

"တပ်မှူး...ခင်ဗျားတို့ ကျုပ်ကို ဒီလောက် သဲသဲမဲမဲ မတိုက်သင့်ဘူး"

မှုရုံချမ်းသည် သူ့အား ခပ်စိန်းစိန်းကြည့်လိုက်သည်။

"မင်းက ဘာဖြစ်လို့ အခုမှကြောက်နေရတာလဲ"

"ကျွန်တော် သေရမှာကြောက်လို့ပြောနေတာ မဟုတ်ဘူး၊ မဖြစ်သင့်တာတွေ ဖြစ်ကုန်မှာစိုးလို့"

တပ်မှူးမှုရုံချမ်းက တစ်ချက်ကြောင်သွားပြီးမှ...

"မင်း...ဘာတွေ ပြောနေတာလဲ"

"ခင်ဗျားတို့ ဒါလောက်အထိ တိုက်ခိုက်နေရင် ကျွန်တော်လည်း မလွှဲသာမရှောင်သာ ပြန်တိုက်ရတော့မှာပဲ"

တပ်မှူးမှုရုံချမ်းသည် ကျယ်လောင်စွာ ရယ်မောလေ၏။

"ဟား...ဟား...ဟား"

"ခင်ဗျား ဘာရယ်တာလဲ"

"မင်းက မင်းကိုယ်မင်း သိပ်အထင်ကြီးနေတယ်ဟုတ်လား"

သူက မှုရုံချမ်းအားပြုံး၍ ကြည့်လိုက်သည်။

"ကျွန်တော်တောင်းပန်ချင်တာက ခင်ဗျားတို့ဟာ ကျွန်တော့်ရန်သူ မဟုတ်တဲ့အတွက် မတိုက်ချင်ဘူးဗျာ"

မှုရုံချမ်းက မျက်မှောင်ကြုတ်လိုက်သည်။

"မင်းက သေရမှာကြောက်လို့ ဘာမှ ငြင်းကွယ်မနေနဲ့၊ မင်းဟာ တို့ရန်သူအစစ်ကွ၊ သခင်မလေးကို နှောင့်ယှက်တယ်၊ အာဏာသားတွေကို ဖိဆန်တယ်၊ ဒါဟာ တကယ့်ရန်သူပဲပေါ့"

မှုရုံချမ်းသည် ပြောဆိုရင်းမှ ပြင်းပြင်းထန်ထန်ပင် ဝင်၍ တိုက်ခိုက်လေတော့သည်။

ကျိုထန်စိမ်းအဖို့ မည်သို့မှ တောင်းပန်၍မရတော့ပါ။

ကျိုထန်စိမ်းသည် ရဲမက်နှစ်ဦးနှင့် တပ်မှူးအား ခပ်ကြမ်းကြမ်းပင် ပြန်လည်၍ ခုခံလေတော့သည်။

အခြေအနေမှာ တင်းမာသွားပြီ ဖြစ်လေသည်။

လမ်းသွားလမ်းလာများသည် အချို့က ပြောင်ပြောင် တင်းတင်းပင် ရပ်၍ကြည့်နေကြသည်။

တချို့က ခပ်လှမ်းလှမ်းမှ ပုန်းလျှိုးကွယ်လျှိုးကြည့်နေကြသည်။

မကြာမီမှာပင် အသွင်တစ်မျိုးပြောင်းသွားတော့သည်။

"အား"

ဟူသော နာအော်သံနှင့်အတူ ရဲမက်တစ်ယောက်သည် ပုံလျက်သား လဲကျသွားလေတော့၏။

ထိုရဲမက်၏ဓားရှည်မှာ လျှပ်တစ်ပြက်အတွင်း ကျိုထန်စိမ်း၏ လက်ထဲသို့ ရောက်ရှိနေပေသည်။

မုရုံချမ်း သိသိသာသာပင် မျက်နှာပျက်၍သွားလေတော့သည်။

ကျိုထန်စိမ်း၏ သိုင်းကွက်ကို မုရုံချမ်း အထင်မကြီးဘဲ မနေနိုင်တော့ပါ။

တကယ်တော့ ကျိုထန်စိမ်းမှာ လက်နက်မဲ့သူတစ်ဦးဖြစ်၏။

သူသည် လက်နက်မဲ့ခုခံနေရာမှ ရဲမက်ဓားကို သူ့လက်ထဲသို့ရောက်အောင် လျှပ်တစ်ပြက် လုယူနိုင်၏။

ယင်းသို့ လုယူရင်းမှပင် ထိုရဲမက်အား သူ၏ဝမ်းဗိုက်အတွင်းသို့ သူ၏ဓားနှင့်ပင် ပြန်လည်ထိုးသွင်းနိုင်လိုက်၏။

ယခုတစ်ဖန်...

ကျန်ရှိနေသော ရဲမက်တစ်ဦးမှာလည်း နောက်သို့ သုံးလေးလှမ်းခန့် ဆုတ်သွားရပြန်၏။

ထိုရဲမက်၏ လက်မောင်းမှသွေးများက ဖြာကျလာလေသည်။

ဒဏ်ရာပြင်းထန်စွာ ရရှိသွားခြင်းပင် ဖြစ်တော့သည်။

အခြေအနေ လုံးဝမကောင်းတော့သည်ကို တပ်မှူးမုရုံချမ်း ရိပ်စားမိလာလေသည်။

သူသည် လုံးဝအလျှော့မပေးဘဲ ရက်စက်ကြမ်းကြုတ်စွာပင် ဝင်၍ တိုက်ခိုက်ပြန်တော့၏။

သူသည် ကျိုထန်စိမ်း၏ လစ်ဟာသွားသော ဝမ်းဗိုက်ဆီသို့ သူ၏ဓားကို အပိုင်ပင် ထိုးသွင်းလိုက်တော့သည်။

ကျိုထန်စိမ်းမှာ မျက်လုံးအစုံ တစ်ချက်ပြာဝေသွားမိသည်။

သူသည် နောက်သို့ တစ်လှမ်းဆုတ်၍ ဓားကိုအောက်မှ အထက်ဆီသို့ ဝိုက်ပြီး ပက်တင်လိုက်လေသည်။

"ရှပ်"

ထိုအသံနှင့်အတူ မုရုံချမ်း၏ ရင်ဘတ်မှာ စုတ်ပြဲသွားလေ၏။

မုရုံချမ်းသည် ရုတ်တရက် ရင်ဘတ်၌ ဒဏ်ရာရရှိသွားသည်ကို မယုံကြည်နိုင်အောင် ဖြစ်သွားပြီး ကျိုထန်စိမ်းအား မော့ကြည့်လိုက်လေသည်။

ကျိုထန်စိမ်းသည် ရဲမက်တစ်ဦး သေဆုံးသွားရပြီး တပ်မှူးနှင့် ကျန်ရှိနေသော ရဲမက်တစ်ဦးပါ ဒဏ်ရာရရှိသွားသည်ကို တွေ့မြင်လိုက်ရသောအခါ စိတ်ထဲတွင် စိုးရိမ်ထိတ်လန့်သွားတော့သည်။

သူသည် ဆက်လက်တိုက်ခိုက်နေ၍ မဖြစ်တော့ပါ။

ထိုသတင်းကိုကြားလျှင် မကြာမီမှာပင် အခြားရဲမက်စစ်သည်တို့သည် ရောက်လာတော့မည် ဖြစ်လေသည်။

သူသည် ထိုနေရာမှ အမြန်ဆုံးထွက်ခွာသွားရန် ဆုံးဖြတ်လိုက်တော့သည်။

ယင်းသို့ ဆုံးဖြတ်ပြီးသည်နှင့် ကျိုထန်စိမ်းသည် လက်ထဲမှ ဓားကို လွှတ်ချကာ တစ်ချိုးတည်း ထွက်ခွာသွားလေတော့သည်။

***

ပြတင်းဝတွင် ချိတ်ဆွဲထားသည့် ပြတင်းလိုက်ကာမှာ တလူလူ လွင့်တက်နေပေသည်။

ထိုအတူ ပြတင်းပေါက်မှ ဝင်လာသောလေသည် မြို့စား ဂေဟာ၏ ဧည့်ခန်းအတွင်းရှိ လူများအား အေးစိမ့်သွားစေပေသည်။

သို့သော် မြို့စားကြီးမျက်နှာ နီမြန်းၡနေပေသည်။

မြို့စားကြီး ကျင်းဝမ်သည် သူ့ရှေ့တွင် ကျုံ့ကျုံ့ကလေး ထိုင်နေသောလူနှစ်ဦးအား စိန်းစိန်းဝါးဝါးပင်ကြည့်လိုက်လေသည်။

ထိုသူနှစ်ဦးက ခေါင်းငုံ့ထားလေသည်။

သူတို့နှစ်ဦးသည် ရဲမက်များဖမ်းဆီးလာရာသို့ ဘာမသိ ဘာမသိ ဖြင့် လိုက်ပါလာခဲ့ကြရသူများ ဖြစ်လေသည်။

ပန်းပဲဆရာ လင်မယားပင် ဖြစ်တော့သည်။

မြို့စားကြီး၏အသံက ကျယ်လောင်စွာ ပေါ်ထွက်လာလေ သည်။

“ခင်ဗျားရဲ့သားက ဘယ်လောက်အထိ ရမ်းကားသွားတယ် ဆိုတာ ခင်ဗျား သိမှာပေါ့”

ပန်းပဲဆရာ ကျိုယန်းက ခေါင်းမော့၍ မြို့စားကြီးအား ကြည့် လိုက်လေသည်။

“ကျွန်တော်တို့ ဘာမှမသိရပါဘူး မြို့စားကြီး”

ပန်းပဲဆရာ ကျိုယန်း၏အသံမှာ တုန်ယင်နေသည်ဟုပင် ထင် ရလေသည်။

“ဘာမသိရမှာလဲ၊ ငါ့ရဲ့သမီး ဘုံကျောင်းကအထွက်မှာ မင်း တို့ရဲ့ သားက အရှက်တကွဲ အကျိုးနည်းအောင် လုပ်တယ်ဆိုတာ လူယန်းတစ်မြို့လုံး သိတယ်”

ပန်းပဲဆရာ ကျိုယန်းသည် သူ၏ဇနီးဖြစ်သူ လုံနန်းအား ရုတ်တရက် လှည့်ကြည့်လိုက်လေသည်။

လုံနန်းက ပျာပျာသလဲဝင်၍ တောင်းပန်လေသည်။

"ကျွန်မ...ကျွန်မရဲ့သားလေးမှာ ဒီလိုစိတ်ဓာတ်မျိုးမရှိတာ အမှန်ပါပဲ မြို့စားကြီး၊ ဘယ်လိုဘယ်လို ဖြစ်ရတယ်ဆိုတာလည်း ကျွန်မတို့ လုံးဝမသိရသေးပါဘူး"

မြို့စားကြီးက မဲ့ပြုံးပြုံးလိုက်လေသည်။

"အင်း...မိဘဆိုတာ သားသမီးဘက်က ကာကွယ်တတ်ကြတာပဲ၊ အဲဒီတော့ ခင်ဗျားတို့လည်း အလိုတူအလိုပါ ဖြစ်ရမယ်"

"ကျွန်တော်တို့ မသိရတာ အမှန်ပါ"

"မင်းရဲ့သားဟာ ဘယ်လောက်အထိ ရိုင်းစိုင်းထားသလဲ၊ ငါ့သမီးကိုလည်း လူလယ်ခေါင်မှာ အရှက်ခွဲခဲ့သေးတယ်၊ ငါ့တပ်မှူးတွေကိုလည်း တော်လှန်သေးရတယ်၊ တစ်ခါ အခုသူ့ကို ဖမ်းဆီးခိုင်းလိုက်တဲ့ တပ်မှူးနဲ့ရဲမက်နှစ်ဦးကိုလည်း ခုခံဟိုက်ခိုက်လို့ ရဲမက်တစ်ဦး သေဆုံးသွားခဲ့ရပြီ၊ ကျန်တဲ့တပ်မှူးကော ရဲမက်တစ်ဦးပါ ဒဏ်ရာ ရသွားရတယ်"

ပန်းပဲဆရာကျိုယန်း၏မျက်လုံးမှာ ပြူးသွားပြီး ဇနီးဖြစ်သူအား လှမ်းကြည့်လိုက်လေသည်။

ဇနီးဖြစ်သူ လုံနန်း၏မျက်နှာမှာ ကွက်ခနဲပျက်သွားလေသည်။

"ကျွန်မသားလေး ဒီလောက် မိုက်မဲတယ်ဆိုတာ မယုံနိုင်လောက်အောင်ပါပဲရှင်"

"ဘာ...နင်တို့က ငါလုပ်ကြံပြီး ပြောနေတယ်ထင်လို့လား၊ အခု နင်တို့သား အာဏာသားတွေကို သတ်ဖြတ်ခုခံပြီး ထွက်ပြေးနေတယ်လေ၊ ဒါဟာ နင်တို့အကြံအစည်တွေလည်း ပါရမှာပေါ့"

ပန်းပဲဆရာကြီး ကျိုယန်းသည် မြို့စားကြီးအား မော့ကြည့်ကာ တောင်းပန်လိုက်ပြန်၏။

"ကျွန်တော်တို့မှာလည်း ဒီလိုစိတ်ထားမျိုးမရှိပါဘူး မြို့စားကြီး၊ နောက်ပြီး ကျိုထန်စိမ်းဟာ အင်မတန်စိတ်ကောင်းရှိတဲ့ ကလေးတစ်ယောက်ပါ"

ထိုစကားကြောင့် မြို့စားကြီးမှာ အတော်ပင် ဒေါသထွက်လာပုံရလေသည်။

သူသည် ပန်းပဲဆရာကြီးကျိုယန်း၏အနီးသို့ လျှောက်လာ၏။

"တော်ပြီ၊ ခင်ဗျားတို့စကားတွေ ရပ်ထားလိုက်တော့၊ သားသမီးကိုတော့ မကောင်းဘူးလို့ မကောင်းဘူးလို့ ဘယ်သူမှ ပြောကြမှာ မဟုတ်ဘူး၊ အခုလောလောဆယ်တော့ ခင်ဗျားရဲ့သားက သူပုန်ဝရမ်းပြေး ဖြစ်နေပြီ"

"ဗျာ"

"ရှင်"

ကျိုယန်းနှင့်ဇနီး လုံနန်းထံမှ အာမေဋိတ်သံများ ထွက်ပေါ်လာလေသည်။

"ကျွန်တော့်သားလေး သူပုန်ဝရမ်းပြေးဟုတ်လား"

ကျိုယန်းက တုန်တုန်ယင်ယင်ဖြင့် မေးလိုက်ခြင်းပင် ဖြစ်တော့သည်။

"ဟုတ်တယ်လေ၊ တပ်မှူး တပ်သားတွေဟာ ဂျူးဘ်နိုင်းလို့ သူတို့က သွားဖမ်းရတာပဲ၊ သူတို့ကို ပြန်လည်တိုက်ခိုက် သတ်ဖြတ်တာဟာ အာဏာကို ဖီဆန်တဲ့ သူပုန်ပဲပေါ့၊ နောက်ပြီး အခုလို ထွက်ပြေးနေတယ်ဆိုတော့ ဝရမ်းပြေးတစ်ယောက် ဖြစ်နေပြီပေါ့"

"ကျွန်တော့်သားဟာ ဒါလောက်လည်း သတ္တိနည်းမယ့်လူ မဟုတ်ပါဘူး"

မြို့စားကြီးက မဲ့ပြုံးပြုံးလိုက်လေသည်။

"ခင်ဗျားဆိုလိုတာက သိပ်ပြီး သတ္တိကောင်းတဲ့ လူစွမ်းကောင်းကြီး တစ်ယောက်လို့ ဆိုလိုတာလား"

"လူစွမ်းကောင်းကြီးတစ်ယောက် မဟုတ်ပေမယ့် မှန်တာဆိုရင် ရဲရဲဝံ့ဝံ့ ရင်ဆိုင်တတ်တဲ့ စိတ်ထားမျိုး သူ့မှာရှိတာ ကျွန်တော်သိပါတယ်

"ခင်ဗျားဆိုလိုတာက အခုကိစ္စမှာ သူမှန်တာတွေ လုပ်နေတယ်လို့ ဆိုလိုတာလား"

"သူဟာ အမှားလုပ်ခဲ့ပါတယ် မြို့စားကြီး"

မြို့စားကြီး မဲ့ပြုံးပြုံးကာ...

"ဒါဖြင့် ငါမေးပါရစေဦး၊ ငါက ဖမ်းခိုင်းလို့ သွားဖမ်းတဲ့ စစ်သည်တွေကို တိုက်ခိုက်သတ်ဖြတ်တာဟာ သူမှန်တယ်ထင်လို့ လုပ်လိုက်တာပေါ့ ဟုတ်လား"

ကျိုယန်းက ခေါင်းကို ဖြည်းညင်းစွာ ညိတ်လိုက်လေသည်။

"ကျွန်တော်တော့ ဒီလိုပဲ ထင်မိတာပဲ"

"ဘာပြောတယ်"

"ကျွန်တော် ထင်မိတာကိုပြောတာပါ မြို့စားကြီး"

မြို့စားကြီး၏မျက်နှာမှာ ရုတ်ခြည်း မည်းမှောင်သွားလေသည်။

မြို့စားကြီးသည် ပန်းပဲဆရာကြီး ကျိုယန်းအား လူချင်းရင်းနှီးမှု မရှိသော်လည်း သူတို့၏သတင်းကိုတော့ ကောင်းကောင်းကြားဖူးထားသူဖြစ်၏။

ကျိုယန်းတို့ သားအမိသားအဖ သုံးဦးသည် ဆင်းဆင်းရဲရဲဖြင့် ပန်းပဲလုပ်ငန်းကို လုပ်ကိုင်စားသောက်နေသော်လည်း ရိုးရိုးသားသားဖြင့် မည်သူ့အပေါ်မှ မတရားမလုပ်၊ မဟုတ်လျှင် မခံတတ်သော စိတ်ထားမျိုးရှိသည်ဟု သိထားရလေသည်။

ယခုကိစ္စမှာ မြို့စားကြီး၏စိတ်ထဲ၌ လုံးဝမကျေနပ်နိုင်ပါ။

လုယန်းမြို့စားကြီးကျင်းဝမ်သည် စိတ်ထား သဘောထားဖြူစင်လှသော မြို့စားကြီးတစ်ဦး ဖြစ်လေသည်။

သူသည် သူ့ရဲ့ကောင်း မိုးချစ်လူငယ်များအား ထိုက်သင့်သလို မြှောက်စားချီးမြှင့်နေသူဖြစ်၏။

မဟုတ်လျှင်မခံဘဲ နည်းလမ်းကျကျ ပြောဆိုဆောင်ရွက်တတ်သောသူများကို နှစ်သက်မြတ်နိုးသူ ဖြစ်လေသည်။

ယခုကိစ္စမှာ သူ၏သမီးကိစ္စမှ ပေါ်ပေါက်လာခြင်းဖြစ်လေသည်။

"ဒါဖြင့် ငါမေးပါရစေဦး"

"ဟုတ်ကဲ့...မေးနိုင်ပါတယ် ခင်ဗျား"

ကိုယန်းက ပြန်ဖြေလိုက်ခြင်းပင် ဖြစ်လေသည်။

"မင်းသားက ငါ့သမီးကို လူလယ်ခေါင်မှာ ပန်းပွင့်တစ်ပွင့် ဝင်ပေးပြီး အရှက်ခွဲတာကော မင်းရဲ့သားက မှန်တယ်လို့လုပ်တာ ပဲလား"

ကိုယန်း၏ထံမှ မည်သည့်စကားသံမှ ထွက်မလာပါ။

မြို့စားကြီး၏ထံမှ ထိုစကားကြားရ၍သာ ကိုယန်းမှာ ယုံနေမိသည်။ သူ၏သားသည် ဤကဲ့သို့ ဖွလုပ်လိမ့်မည်မဟုတ်ဟုသာ ထင် ထားမိလေသည်။

ယခု ကိုထန်စိမ်းက အဘယ်ကြောင့် ယခုလို လုပ်လိုက် ရသည်ကိုလည်း သူက စဉ်းစား၍ မရအောင် ဖြစ်နေမိလေသည်။

မြို့စားကြီးထံမှ စကားသံက ထပ်မံထွက်ပေါ်လာပြန်သည်။

"အဲဒီတော့ မင်းတို့ကို ကျုပ် ခွင့်မလွှတ်နိုင်ဘူး၊ မင်းရဲ့ သားဟာ စစ်သည်ရဲမက်တွေကိုပါ ခုခံသတ်ဖြတ်နေတဲ့အတွက် ကြောင့် မင်းတို့မိသားစုအားလုံးကို ဘုရင့်တပ်မတော်အား တော်လှန် ပုန်ကန်တဲ့ သူပုန်အဖြစ် သတ်မှတ်ပြီး ဖမ်းဆီးတယ်"

ကိုယန်းတို့ ဇနီးမောင်နှံမှာ တစ်ဦးမျက်နှာတစ်ဦးကြည့်ပြီး သိသိသာသာပင် မျက်နှာပျက်သွားကြတော့သည်။

ယင်းအခိုက်...

"ဒီလိုတော့ မတရားမလုပ်ပါနဲ့ မြို့စားကြီး"

"ထိုအသံနှင့်အတူ လူတစ်ယောက်က ပြေးဝင်လာလေ သည်။

ထိုလူ၏ ဘေးတစ်ဖက် တစ်ချက်မှလည်း မြို့စားကြီး၏ ကိုယ်ရံတော်များက ဝိုင်းရံကာ လိုက်ပါလာကြ၏။

ထိုသူသည် မြို့စားကြီး၏ရှေ့တွင် ရပ်တန့်လိုက်ပြီး လေးစားစွာဖြင့် ဂါရဝပြုလိုက်လေသည်။

မြို့စားကြီးသည် ထိုလူငယ်အား စူးစူးဝါးဝါးဖြင့်ကြည့်လိုက်၏။

ကျိုယန်းတို့ကလည်း လှမ်းကြည့်လိုက်လေရာ ရုတ်တရက် အံ့အားသင့်သွားလေသည်။

ရဲဝံ့စွာ ဝင်ရောက်လာသောသူမှာ...

သူတို့၏သားဖြစ်သူ ကိုထန်စိမ်းဖြစ်သောကြောင့်ပင်။

* * *

# နှလုံးသားမှ စကားများ

မြို့စားကြီးသည် ကျိုထန်စိမ်းအား မျက်မှောင်ကြုတ်၍ကြည့်ကာ...

"မင်းက ငါ့ကို ဘာလို့ မတရားဘူးလို့ ပြောတာလဲ"

ကျိုထန်စိမ်းက ပြုံးလိုက်လေသည်။

"ဒီလိုပါ မြို့စားကြီး၊ ကျွန်တော့်မှာ အပြစ်ရှိရင်ရှိမယ်၊ ဒါပေမယ့် ကျွန်တော့်မိဘတွေနဲ့ မဆိုင်ပါဘူး"

"မင်းလုပ်တဲ့အပြစ်က အင်မတန်ကြီးမားတဲ့အပြစ်ပဲ၊ ဒီတော့ မင်းရဲ့မိဘတွေကိုသာ ဒီအကြံအစည်ထဲမှာ ပါမယ်လို့ ငါထည့်စဉ်းစားတာပေါ့"

ကျိုထန်စိမ်းက ပြုံးကာ ခေါင်းကို ယမ်းလိုက်လေသည်။

"ကျွန်တော့်ရဲ့ ကြီးမားတဲ့အပြစ်က ဘာကိုဆိုလိုတာလဲ မြို့စားကြီး"

"မင်းက ဘာကြောင့် ဘုရင့်အာဏာသားတွေကို သတ်ရတာလဲ"

"ကျွန်တော် တောင်းပန်နေတဲ့ကြားထဲက သူတို့ဟာ ကျွန်တော့်ကို အသေအကျေ တိုက်ခိုက်နေတာပါ"

"အဲဒါက မင်းမှာအပြစ်ရှိလို့ ငါက ဖမ်းခိုင်းတာကွ"

မြို့စားကြီး၏ အသံက ကျယ်လောင်သွားသည်ဟု ထင်ရလေတော့သည်။

ကိုထန်စိမ်းသည် မြို့စားကြီးအား မော့ကြည့်လိုက်လေ၏။

"ကျွန်တော့်မှာ ဘာအပြစ်ရှိလို့ ဖမ်းခိုင်းရတာလဲ"

"မင်း ငါ့ရဲ့သမီးကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်တာ မဟုတ်ဘူးလား"

ကိုထန်စိမ်းက ခေါင်းကို ဖြည်းညင်းစွာ ခါယမ်းလိုက်လေတော့သည်။

"ကျွန်တော့်မှာ အဲဒီစိတ်မျိုး မရှိပါဘူး"

"အင်း...ပြောစမ်းပါဦး"

"ကျွန်တော်ဟာ လူသားထဲက လူတစ်ယောက်ပါ၊ အများတကာက သခင်မလေးကို လက်ဆောင်ပေးကြသလို ကျွန်တော်လည်း သခင်မလေးကို လက်ဆောင်ပေးလိုတဲ့ဆန္ဒရှိပါတယ်"

"သူများတကာပေးတဲ့ လက်ဆောင်ပစ္စည်းက ဘာတွေလဲ ဆိုတာကော မင်းစဉ်းစားမိရဲ့လား"

ကိုထန်စိမ်းသည် ခေါင်းကို ဆတ်ခနဲညိတ်လိုက်၏။

"ဟုတ်ကဲ့ သိပါတယ် မြို့စားကြီး၊ အများတကာတွေက ငွေကြေးချမ်းသာတဲ့လူတွေမို့ ရတနာပစ္စည်းလက်ဆောင်ပေးနိုင်ကြပေမယ့် ကျွန်တော်က..."

ကိုထန်စိမ်းထံမှ စကားက ရုတ်တရက် ဆက်မထွက်လာပေ။

မြို့စားကြီးက ဝင်၍ပြောလေသည်။

"အဲဒီကတည်းက မင်းအခြေအနေကို မင်းရိပ်စားမိဖို့ ကောင်းဟာပေါ့"

ကိုထန်စိမ်းမှာ မျက်နှာအတော်ကလေး ငယ်သွားလေ၏။

သူသည် တတ်အားသမျှ ပြန်လည်ပြုံးလိုက်ပြီး...

"ကျွန်တော်ဟာ သခင်မလေးကို ရယူလိုတဲ့ဆန္ဒမျိုးနဲ့ မဟုတ်ပါဘူး၊ သခင်မလေးရဲ့ လှပတဲ့ ဂုဏ်သတင်းကို လေးစားလို့ ပန်းလေးတစ်ပွင့် လက်ဆောင်ပေးချင်တဲ့ဆန္ဒကလွဲပြီး တခြားမရှိပါဘူး"